# ကျွန်ုပ်တို့၏ လူသားချင်း စာနာထောက်ထားမှုအခြေခံမူများ

## လူသားချင်းစာနာထောက်ထားခြင်း

UNHCR ၏ ရည်မှန်းချက်မှာ ပဋိပက္ခဖြစ်ပွားနေချိန်တွင် လူ့အသက်များကို ကာကွယ်စောင့်ရှောက်ပေးရန်၊ ဆင်းရဲဒုက္ခကိုလျှော့ပါးသက်သာစေရန်နှင့် လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ပေးရန်ဖြစ်သည်။

## ခွဲခြားမှုမရှိခြင်း

UNHCR ၏လုပ်ငန်းဆောင်ရွက်မှုသည်အကူအညီလိုအပ်နေသူများထံပံ့ပိုးကူညီမှုများပေးအပ်ရန်အလေးထား လုပ်ဆောင်ခြင်းဖြစ်သည်။ လူမျိုးဘာသာမခွဲခြားဘဲ အကူအညီအလိုအပ်ဆုံးသောသူများကို ဦးစားပေး လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမှ ကူညီပံ့ပိုးပေးခြင်းမပြုပါ။

## လွတ်လပ်ခြင်း

UNHCR ၏လုပ်ငန်းဆောင်ရွက်မှုသည် နိုင်ငံရေးနှင့် အခြားသောအဖွဲ့အစည်းများ၏ ဩဇာသက်ရောက်မှု ကင်းစင်သည်။

## ကြားနေခြင်း

UNHCRသည် လက်နက်ကိုင်ပဋိပက္ခနှင့် အခြားသော ပဋိပက္ခအခြေအနေများတွင် ပါဝင်ပတ်သက်ခြင်း မရှိပါ။




UNHCR
ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ

**ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမြန်မာ**

အမှတ်၁၁၊ ၁၁လွှာ၊ ကန်သာယာတာဝါ
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖုန်း ~ ၀၁-၉၃၇၆၁၉၅ မှ ၉၈
ဖက်စ် ~ ၀၁-၉၃၇၆၁၉၄
အီးမေးလ် ~ myaya@unhcr.org
ဖေ့စ်ဘွခ်/တွစ်တာ ~ @UNHCRMyanmar




# UNHCR အကြောင်း

- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီအဖြစ် ၁၉၅၀ ခုနှစ်တွင်တည်ထောင်ခဲ့ပါသည်။
- ကျွန်ုပ်တို့၏အဓိကလုပ်ဆောင်ချက်မှာ ဒေသတွင်းပဋိပက္ခကြောင့်နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်နေရသည့်ပြည်သူများနှင့်ဒေသခံပြည်သူများအား ကူညီပံ့ပိုးပေးရန်ဖြစ်သည်။
- ကျွန်ုပ်တို့သည် လွတ်လပ်ပြီးနိုင်ငံရေးနှင့်သက်ဆိုင်ခြင်းမရှိသည့်အပြင် လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့်အဖွဲ့အစည်းဖြစ်ပါသည်။
- ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် ၁၉၉၃ခုနှစ်ကတည်းကပင် လုပ်ငန်းများစတင်လုပ်ဆောင်ခဲ့ပြီး နေရာဒေသပေါင်း ၁၁နေရာတွင် ဝန်ထမ်းပေါင်း ၂၀၀ ကျော်ဖြင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတစ်ဝှမ်းရှိလူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်နေသူပေါင်း ၂ သန်းကျော်၏လိုအပ်ချက်များကို ကူညီပံ့ပိုးပေးနေပါသည်။
- ကျွန်ုပ်တို့သည် သက်ဆိုင်ရာမှချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအားလုံးကိုလေးစားလိုက်နာပြီး ခွင့်ပြုချက်နှင့်အညီ ခရီးသွားလာလုပ်ဆောင်လျက်ရှိပါသည်။

# ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများ

## လိုအပ်ချက်များကို သိရှိနားလည်ခြင်း

ပြည်သူများ၏လိုအပ်ချက်များကိုသိရှိနားလည်ရန်နှင့် ထိရောက်စွာကူညီပံ့ပိုးပေးနိုင်ရန်အတွက် UNHCRသည် ဒေသတွင်းရပ်ရွာလူထုများနှင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပါသည်။

## အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေခြင်း

ဒေသခံပြည်သူများ၏လိုအပ်ချက်များကိုသိရှိနားလည်ပြီးနောက် ကျွန်ုပ်တို့မှ အခြေခံအိမ်သုံးပစ္စည်းများနှင့် နေအိမ်အမိုးအကာဆိုင်ရာပစ္စည်းများကို ပြန်လည်သွားရောက်ဖြန့်ဝေပေးပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် ရပ်ရွာလူထုများအတွက်ကောင်းမွန်သောလူနေမှုဘဝရရှိစေရန်နှင့် လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်ကူညီပေးခြင်းဖြစ်သည်။

# ကျွန်ုပ်တို့ဖြန့်ဝေပေးသည့်ပစ္စည်းများ

- စောင်
- ရေပုံး
- အဝတ်အစား
- မီးဖိုချောင်သုံးပစ္စည်းစုံ
- ခြင်ထောင်များ
- ဖျာများ
- အမိုးအကာပစ္စည်းများ
- ဆပ်ပြာ
- ဆိုလာမီးများ
- တာပေါ်လင်စများ